Save The Salween Network

**<u>သံလွင်မြစ် ထိန်းသိမ်း ကာကွယ်ရေး ကွန်ယက်</u>**

**<u>အပြည်ပြည်ဆိုင်ရာ မြစ်ချောင်းများ ထိန်းသိမ်းရေးနှင့် ရေကာတာဆန့်ကျင်ရေးနေ့</u>**

**<u>သဘောထားထုတ်ပြန်ကြေငြာချက်</u>**

**<u>တနင်္လာနေ့၊ မတ်လ(၁၄)ရက်၊ ၂၀၁၆။</u>**

**သံလွင်မြစ် ထိန်းသိမ်း ကာကွယ် ရေးကွန်ယက်** အနေဖြင့် ဒေသခံရှမ်းလူမျိုး ကလေးသူငယ်၊ လူငယ်နှင့် အမျိုးသမီးများ ရပ်မိရပ်ဖများ၊ မတူညီသည့် ရိုးရာကိုးကွယ်ယုံကြည်မှု များပါဝင်သည့် ဘာသာရေး ခေါင်းဆောင်များ၊ ရှမ်းစာပေယဉ်ကျေးမှု ခေါင်းဆောင်များ၊ ရှမ်းနိုင်ငံရေးပါတီ ကိုယ်စားလှယ်များ၊ ရှမ်း၊ ကရင်နီ၊ ကရင်၊ မွန်နှင့် မြန်မာနိုင်ငံ တစ်ဝှမ်းမှ လူမှုအဖွဲ့အစည်းများ နှင့်အတူ ရှမ်းပြည် နယ်အရှေ့နှင့် တောင်ပိုင်းနယ်နိမိတ် သံလွင်မြစ်ကမ်းနံဘေးတွင်ရှိသော ဝမ်ဆာလားရွာ၊ မိုင်းတုံမြို့နယ် တွင် **အပြည်ပြည်ဆိုင်ရာ မြစ်ချောင်းများနှင့် ရေကာတာ ဆန့်ကျင်ရေးနေ့** လှုပ်ရှားမှု အခမ်းအနားကို ယနေ့ မတ်လ (၁၄)ရက်၊ ၂၀၁၆ တွင် ကျင်းပပြုလုပ်ပါသည်။

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများ နေထိုင်ရာ ပဋိပက္ခပြင်းထန်စွာ ဖြစ်ပွားရာ ဒေသတစ်လျှောက်တွင် သံလွင်မြစ်သည် လွတ်လပ်စွာစီးဆင်းနေသည့်အလျှောက် တိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု၊ စားဝတ်နေရေး နှင့် ဓလေ့ထုံးတမ်း အစဉ်အလာများကို သမိုင်းကြောင်းတစ်လျှောက် ဖော်ကြူးနေခဲ့သောမြစ်တစ်စင်းဖြစ်သည်။

ဖေဖော်ဝါရီလ(၂)ရက်နေ့တွင် လျှပ်စစ်စွမ်းအင် ဝန်ကြီးဌာနနှင့် တရုတ်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများမှ ရေအားလျှပ်စစ်စီမံကိန်း(၁၈)ခုအတွက် MoU (နားလည် မှုစာချွန်လွှာ)လက်မှတ်များရေးထိုးခြင်းကို အစိုးရပိုင်သတင်းဌာနနှင့် အခြားသတင်းဌာန များတွင် တရားဝင်ဖော်ပြခဲ့မှုအပေါ်ကျွန်ုပ်တို့ စိုးရိမ်လျက် ရှိသည်။

ထို့အပြင် မိုင်းတုံရေအားလျှပ်စစ်စီမံကိန်းအား မြန်မာအစိုးရ၏တောင်းဆိုမှုအရ လျှပ်စစ်စီမံကိန်း၏ တမံဒီဇိုင်းပြန်လည်ရေးဆွဲခြင်းကို တရုတ်နှင့်ထိုင်းကပြန်လည်သဘောတူပြီး ရှေ့ဆက် လုပ်ဆောင်မည့် စီမံကိန်းအတွက် တရုတ်၊ ထိုင်းနှင့်မြန်မာ(၃)နိုင်ငံပေါင်း သဘောတူညီမှုများ ပြုလုပ်နေ ခြင်းသည် နိုင်ငံသား၊ တိုင်းရင်းသားဒေသခံများအပေါ် လေးစားအသိအမှတ်ပြုမှု မရှိကြောင်းနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ် နေကြောင်းကို ကျွန်ုပ်တို့မှသုံးသပ်ရှုမြင်ပါသည်။

ငြိမ်းချမ်းရေးခြေလှမ်းမလှမ်းနိုင်သေးမီ အကြီးစားရင်းနှီးမြှုပ်နှံမှု စီးပွားရေးစီမံကိန်းများနှင့် သံလွင်ရေကာတာစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ကြိုးပမ်းအားထုတ်နေခြင်းသည် တိုင်းရင်းသားတို့နှင့် အမျိုးသားရင်ကြားစေ့ရေး တည်ဆောက်ရန် ပျက်ယွင်းစေသည့်အပြင် ဒေသခံ တိုင်းရင်းသားလူမျိုးတို့၏ အခွင့်အရေး၊ အကျိုးစီးပွားဖူလုံခွင့် နှင့်အတူ တန်ဖိုးမဖြတ်နိုင်သော ရိုးရာဓလေ့ ထုံးတမ်းများ၊ ယဉ်ကျေးမှုများ၊ ဇီဝမျိုးကွဲများနှင့် သဘာဝတရားများကို ပျက်စီးဆုံးရှုံး စေမည် ဖြစ်ပါသည်။

သံလွင်မြစ်သည် သဘာဝအလျှောက်စီးဆင်းရာမြစ်ဖြစ်ပြီး မြစ်ဝှမ်းလွင်ပြင်တစ်လျှောက်တွင် ထူထပ်ကြီးမားသောသစ်တောများ၊ ၄င်းသစ်တောများတွင်မှီခိုမှီတင်းနေထိုင်ကြသော သဘာဝဇီဝမျိုးကွဲများ၊ ပြန်လည်အစားထိုးမရနိုင်သော သဘာဝအလှတရားများနှင့် သဘာဝသားရဲတိရစ္ဆာန်များအပြင် များစွာသော တိုင်းရင်းသား လူမျိုးစုများ၏ ယဉ်ကျေးမှုအမွေအနှစ်များထွန်းကားရာဒေသ၊ လုံလောက်သောစားနပ်ရိက္ခာများကို အခမဲ့ကူညီပံ့ပိုးပေးနေသော သဘာဝအိမ်ကြီးလည်းဖြစ်သည်။ ထိုသဘာဝအိမ်ကြီးကို ပျက်စီးစေနိုင်သော ကြီးမားသည့် ရေအားလျှပ်စစ်စီမံကိန်း လျာထားချက်များသည် ရေရှည်စစ်မှန်သော လူမှုသဘာဝဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်မည် မဟုတ်ကြောင်း ကျွန်ုပ်တို့မှယုံကြည်ပါ သည်။

သို့ဖြစ်ပါသောကြောင့် တိုင်းရင်းသားလူမျိုးများ၏ အသက်အိုးအိမ်စည်းစိမ်များကို ထိပါးခြိမ်းခြောက်နေသည့် သံလွင်ရေကာတာစီမံကိန်းကြီးများအား ဆောက်လုပ်ခြင်းမပြုရန် အကောင်အထည်ဖော် ဆောင်ရွက်မည့် အစိုးရများ၊ ကုမ္ပဏီများနှင့် ရင်းနှီးမြှုပ်နှံသူများကို ကျွန်ုပ်တို့ **သံလွင်မြစ် ထိန်းသိမ်းကာကွယ် ရေးကွန်ယက်** မှ တိုက်တွန်းတောင်းဆိုလိုက်သည်။

<u>ဆက်သွယ်ရန်</u>


(၁) မိအားချိုင်း - 09255784905, 09785131436 (မြန်မာ၊ မွန်)

(၂) စောသာဘိုး - 09782639714 (မြန်မာ၊ကရင်၊အင်္ဂလိပ်)

(၃) ဥတ္တရာအောင် - 09252171819 (မြန်မာ၊ကရင်နီ)

(၄) နန်းခမ်းနောင့် - 09428367849, 09791634239 (မြန်မာ၊ရှမ်း)

(၅) ကိုသိန်းဇော် - 09794316944 (မြန်မာ)